

အမည်ရင်း ဒေါ်မြမြသန်းဖြစ်သည်။ အဖေဦးမျိုးလွင်၊ အမိဒေါ်မြဟန်တို့မှ ၁၉၄၆ခုနှစ်၊ နိုဝင်ဘာလ ၈ရက်နေ့တွင် မိုးကုတ်မြို့၌ မွေးဖွားသည်။ လားရှိုးမြို့၊ မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ပညာသင်ကြားခဲ့ပြီး ၁၉၆၇ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ရူပဗေဒ အဓိကဖြင့် သိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၁၉၇၀ပြည့်နှစ်တွင် ဂျာမနီနိုင်ငံ ဘာလင်မြို့မှသတင်းစာပညာ ဒီပလိုမာDJ(Berlin) ကိုလည်းကောင်း ရရှိခဲ့သည်။ အသက်(၁၄)နှစ်အရွယ်တွင် တိုင်းရင်းမေဂျာနယ်၌ ပါရှိသော "နှောင်းခိုပြီကောကွယ်" ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့ပြီး ၁၉၆၇ခုနှစ်တွင် "တောင်နှိုးငွေရွှေကြားဝယ်" ဝတ္ထုရှည်ဖြင့် အမျိုးသားစာပေဆု ရရှိခဲ့သည်။

မြဝတီ၊ ငွေတာရီ၊ ပေဖူးလွှာ၊ ကလျာ၊ မဟေသီ၊ စံပယ်ဖြူ၊ ရှုမဝ၊ လုံမလေး၊ ရွှေအမြုတေ၊ ရုပ်ရှင်အောင်လံ၊ ရွှေသမင်၊ ရုပ်ရှင်ပွင့်နှင့် Health for All စသည့် မဂ္ဂဇင်းများတွင် ဝတ္ထုတို ဝတ္ထုရှည်၊ ဆောင်းပါးနှင့် အက်ဆေးများ ရေးသားခဲ့သည့်အပြင် နိုင်ငံအကျိုးပြု မြန်မာ့ရုပ်မြင်သံကြား ဇာတ်လမ်းများလည်း ရေးသားခဲ့သည်။ ရေးပြီးသမျှ ဝတ္ထုတိုများထဲမှ "မပိုင်ချစ်"၊ "သူနိုး" နှင့် "ကိုယ်လိုလူစား အများကြီးပဲ" အမည်ရှိ ဝတ္ထုတိုသုံးပုဒ်ကို ဂျပန်ဘာသာသို့လည်းကောင်း၊ "ဆင်သာဆင် မယဉ်သည့်ပန်း" ဝတ္ထုတိုကို ရုရှားဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုခြင်းခံရပြီး သက်ဆိုင်ရာ နိုင်ငံအသီးသီးတွင် ထုတ်ဝေဖြန့်ချိခဲ့သည်။

၁၉၆၈ခုနှစ်မှ စတင်၍ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီး ဌာန စာပေဗိမာန်တာဝန်ခံ စာတည်းတာဝန်မှ နှစ်ပြည့်အငြိမ်းစားယူခဲ့ပြီးနောက် ၁၉၉၉ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ဂျပန်နိုင်ငံတွင် သွားရောက်နေထိုင်ခဲ့သည်။

အငြိမ်းစားယူချိန်အထိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း(ဗဟို) အဖွဲ့ချုပ်တွင် တွဲဖက်အတွင်းရေးမှူး၊ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တွင် ပဒုက္ကာဦးအုံးဖေ စာပေဆု စိစစ်ရွေးချယ်ရေး အဖွဲ့တွင် အဖွဲ့ဝင်၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး ကော်မြတ်အဖွဲ့ (အကယ်ဒမီ)တွင် အဖွဲ့ဝင်စသည်ဖြင့် စာပေနှင့် အနုပညာတာဝန်များ ထမ်းဆောင်ခဲ့သည်။

ယခုအခါ ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရင်း စာပေများ ရေးသားလျက်ရှိသည်။

# မာတိကာ


အမှာစာ

၁။ ဆရာလေးကိုအောင်ကျော် ၁
၂။ စုန်ခြင်းဆန်ခြင်းနိယာမ ၁၄
၃။ မြေးအဘွားနှစ်ယောက်နှင့်ခြေထောက်ပုံမြင် ၂၂
၄။ ဘာကြောင့်လဲ၊ ဘာအတွက်လဲ ၃၃
၅။ နှမျိုလာသောအဘွားအို ၄၁
၆။ အရင်တုန်းက အခုနေရာ ၆၀
၇။ ဟင်းသုံးခွက် ၆၆
၈။ အဘိုးအိုနှင့်မြေဆေးတံ ၇၇
၉။ အစွမ်းအစ ၉၄
၁၀။ အထဲကပေးစာ ၁၀၃
၁၁။ အစွန်း ၁၁၄
၁၂။ ထွက်ပေါက် ၁၁၉
၁၃။ အပျော်ဆုံးလူ ၁၃၆
၁၄။ လမင်းကတော့ သာနေဆဲ ၁၄၄
၁၅။ အရွယ်လေး ငယ်သေးတယ်ထင် ၁၅၂